အရှင်သခင်ယေရှုခရစ်တော်သည် မကြာမီပြန်လည် တဖန် ဤလောကသို့ကြွလာလိမ့်မည်။ဤဂတိတော် ကိုသခင်ယေရှု ဤလောက၌ အသက်ရှင်ခဲ့စဉ် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကပေးခဲ့သောဂတိတော် ဖြစ်သည်။ (ယော-၁၄း၁-၃) သခင်ယေရှု အမှန်တကယ် ဒုတိယအကြိမ်ကြွလာမည်ကို ကျွန်ုပ်တို့ မည်ကဲ့သို့ သေချာစွာသိနိုင်မည်နည်း။ ကျေးဇူးပြု၍ သခင်ယေရှုကိုယ်တိုင် ကြိုတင်၍ ပရောဖက်ပြုခဲ့သော နောက်ဆုံးသောကာလ၌ ဖြစ်ပျက်မည့်အရာများကို ဖတ်ကြည့်ပါ။ ယခုအခါ ကမ္ဘာလောက၌ ဖြစ်ပျက်နေသောအရာများနှင့် ဤကျမ်းပိုဒ်များကို ဖတ်ရှု၍ နှိုင်းယှဉ်ကြည့်လျှင် သခင်ယေရှု သည် ယခု ကျွန်ုပ်တို့အသက်ရှင်စဉ်ကာလ၌ အမှန်တကယ်ပြန်လာမည်ဆိုသည့် အထောက်အထားကို မြင်နိုင်ပါသည်။

## 1 ဗိမာန်တော်ဖျက်ဆီးခံရခြင်း

ယေရှုသည် ဗိမာန်တော်မှထွက်ကြွတော်မူသည်ရှိသော်၊ တပည့်တော်တို့သည် ဗိမာန်တော်၏တိုက်ဆောင်များကို ပြခြင်းငှါ အထံတော်သို့ချဉ်းကပ်ကြ၏။ တပည့်တော်တစ်ယောက်က အရှင်ဘုရား ကြည့်ရှုတော်မူပါ။ ဧရာ ကျောက်ကြီးတကား ဧရာတိုက်ဆောင်ကြီးတကားဟု လျှောက်လျှင် ယေရှုကလည်း၊ ဤအရာအလုံးစုံကို သင်တို့ သည် မြင်ကြသည်မဟုတ်လော၊ ငါအမှန်ဆိုသည်ကား မဖြိုမချဘဲ ကျောက်တခုပေါ်မှာ တခုမျှမတည်မနေရ သောအချိန်ကာလ ရောက်လိမ့်မည်ဟု မိန့်တော်မူ၏ (မဿဲ ၂၄း၁-၂, မာကု ၁၃း၁-၂, လုကာ ၂၁း၅-၆) **ဤအရာသည် စာပေအရခရစ်သက္ကရစ် (ခသ) ၇၀ တွင်ပြည့်စုံခဲ့သည်။.**

## 2 ကြွလာမည့်နိမိတ်လက္ခဏာများ

ထို့နောက် သံလွင်တောင်ပေါ်မှာ ဗိမာန်တော်ရှေ့ရှုထိုင်တော်မူစဉ် တပည့်တော်များဖြစ်ကြသော -ပေတရု၊ ယာကုပ်၊ ယောဟန် နှင့် အန္ဒြေတို့သည် အခြားသူမပါဘဲချဉ်းကပ်၍ အရှင်ဘုရား ထိုအမှုအရာတို့သည် အဘယ်ကာလမှ ဖြစ်မည်ကိုရင်း၊ ထိုအမှုအရာရှိသမျှတို့သည် ပြည့်စုံချိန်နီးသောအခါ ကိုယ်တော် သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ် နိမိတ်ဖြစ်မည် ကိုရင်း အမိန့်ရှိတော်မူပါဟု လျှောက်ကြ၏။ (မဿဲ ၂၄း၃, မာကု ၁၃း၃-၄, လုကာ ၂၁း၇).

## 3 လှည့်ဖြားသူများပေါ်လာခြင်း

ယေရှုကလည်း၊ သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှါ သတိပြုကြလော့။ အများသောသူတို့က ငါသည် ဤမည်သောသူ၊ ခရစ်တော်ဖြစ်၏။ အချိန်ကာလလည်း ရောက်လာပြီဟု ဆိုလျက် ငါ၏အယောင်ကိုဆောင်၍ ပေါ်လာကြလိမ့်မည်။ထိုသူတို့နောက် သို့မလိုက်ကြနှင့်။ (မဿဲ-၂၄း၄-၅,မာကု-၁၃း၅-၆,လုကာ-၂၁း၈).

## 4 စစ်ပွဲနှင့် စစ်တိုက်အံ့သောသတင်းစကား

သင်တို့သည်စစ်တိုက်ကြောင်းကိုရင်း၊ ပုန်ကန်ခြင်းအကြောင်းကိုရင်း စစ်တိုက်အံ့သော သီတင်းစကားကိုရင်း ကြားရသောအခါစိုးရိမ် တုန်လှုပ်ခြင်းမရှိကြနှင့်။ ထိုအမှုအရာများသည် အရင်ဖြ စ်ရမည်။ သို့သော်လည်း အဆုံးသည် အလျင်အမြန်မ ဖြစ်သေး။ (မဿဲ ၂၄း၆, မာကု ၁၃း၇, လုကာ ၂၁း၉).

## 5 လူမျိုးနွယ်စုစစ်ပွဲများ၊ မြေငလျင်လှုပ်ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာများ

ထိုမှတပါး၊ လူတမျိုးနှင့်တမျိုး၊ တနိုင်ငံနှင့်တနိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌ ကြီးစွာသောမြေလှုပ် ခြင်း၊ အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်းတို့သည် ဖြစ်ကြလိမ့်မည်။ မိုဃ်းကောင်းကင်၌လည်း ကြောက် မက်ဘွယ်သောအရာနှင့် ကြီးစွာသော ပုပ္ပနိမိတ်တို့သည်ပေါ်ထွန်းကြလိမ့်မည်။ (မဿဲ၂၄း၇, မာကု ၁၃း၈, လုကာ ၂၁း၁၀-၁၁).

## 6

ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်သတည်း။ (မဿဲ ၂၄း၈, မာကု ၁၃း၈).

## 7 ခရစ်ယာန်များကို ညှင်းပန်းနှိပ်စက်ခြင်း

သို့သော်လည်း သတိပြုကြလော့။ ထိုအမှုအရာများ မဖြစ်မီလူများတို့ သည် ငါ၏နာမကြောင့် သင်တို့ကို ဖမ်းဆီးညှင်းဆဲ၍၊ သင်တို့ကို လွှတ်ရုံးသို့ အပ်နှံကြလိမ့်မည်။ တရားစရပ်တို့၌ ရိုက်ကြလိမ့်မည်။ ထောင်ထဲ၌ရင်း အပ်နှံကြလိမ့်မည်။ သင်တို့ကိုညှင်းဆဲခြင်း၊ အသေ သတ်ခြင်းကိုခံစေခြင်းငှါ အပ်နှံကြလိမ့်မည်။ သင်တို့သည် ဝန်မင်း၊ ရှင်ဘုရင်ထံသို့ ငါ့ကြောင့်ရောက်ကြလိမ့်မည်။ ထိုသို့သောအားဖြင့် သင်တို့သည် သက်သေခံရသောအခွင့်ရှိကြ လိမ့်မည်။ (မဿဲ ၂၄း၉, မာကု ၁၃း၉, လုကာ ၂၁း၁၂-၁၃).

## 8

ရှေ့မဆွက မဆင်ခြင်ကြနှင့်၊ ထိုခဏခြင်းတွင် သင်တို့ရသော စကားကိုသာပြောကြလော့။ အကြောင်းမူကား၊ သင်တို့အလို အလျောက် ပြောကြသည်မဟုတ်၊ သန့်ရှင်း သောဝိညာဉ်တော်သည် ပြောတော်မူ၏။ အကြောင်းမူ ကား၊ ရန်သူအပေါင်းတို့သည် မငြင်းခုံမဟန့်တားနိုင်သော နှုတ်သတ္တိ၊ ဉာဏ်သတ္တိ ကိုငါပေးမည်။ (မာကု ၁၃း၁၁, လုကာ ၂၁း၁၄-၁၅).

## 9 မိသားစုများ၌သစ္စာဖောက်ခြင်း

ထိုကာလ၌ အများသောသူတို့သည် ဖောက်ပြန်ခြင်းသို့ရောက်၍ ညီအစ်ကိုချင်း တယောက်ကိုတယောက် သေစေခြင်းငှါ အပ်လိမ့်မည်။ အဘသည်လည်း သားကိုအပ်လိမ့်မည်။ ပေါက်ဘော်နှင့်အဆွေခင်ပွန်းတို့သည်လည်း သင်တို့ကိုအပ်နှံကြလိမ့်မည်။သားသမီး တို့သည်လည်းမိဘကိုရန်ဘက်ပြု၍ သေစေကြလိမ့်မည်။လူအပေါင်း တို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကိုမုန်းကြလိမ့်မည်။သို့သော် လည်း သင်တို့ဆံချည်တပင်မှမပျက်စီးရ၊ သင်တို့သည် တည်ကြည် သောအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ကြလော့။ (မဿဲ ၂၄း၉-၁၀, မာကု ၁၃း၁၂-၁၃, လုကာ ၂၁း၁၆-၁၉) .

## 10 ချစ်ခြင်းမေတ္တာခေါင်းပါးခြင်း

မတရားသောအမှုနှင့် ဆိုးညစ်ခြင်းတို့သည် များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါး လိမ့်မည်။ အကြွင်းသူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည် (မဿဲ ၂၄း၁၂-၁၃).

## 11

လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည့်အကြောင်း **နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရား** ကို ရှေးဦးစွာ လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။**သို့ပြီးမှ** အဆုံးသည် ဖြစ်လတံ့ (မဿဲ ၂၄း၁၄, မာကု ၁၃း၁၀).

## 12 ယေရုရှလင်မြို့၌ ဖျက်ဆီးမှုနှင့် ရွံရှာဘွယ်ရာများ

ယေရုရှလင်မြို့ကို ဗိုလ်ခြေများ ဝန်းရံလျက်ရှိသည်ကို သင်တို့မြင် သော အခါ ထိုမြို့သည် ပျက်စီးခြင်းသို့ ရောက်လု သည်ကို သိမှတ် ကြလော့။(လုကာ-၂၁း၂၀) ထို့ကြောင့်ပရောဖက်ဒံယေလဟောသည့် အတိုင်း၊ ဖျက်ဆီးတတ်သော ရွံရှာဘွယ်အရာ သည် သန့်ရှင်းသော အရပ်၌ာန၌ စိုက်နေသည်ကို သင်တို့မြင်ရလျှင် (ကျမ်းစာကို ကြည့်သောသူသည် နားလည်ပါစေ) ထိုသို့မြင်ရ လျှင်၊ ယုဒပြည်၌ ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ။ မြို့ထဲ၌ရှိသောသူတို့ သည်မြို့ပြင်သို့ထွက်ကြစေ။ တောရွာမှာရှိသော သူတို့သည်မြို့ထဲသို့ မဝင်ကြစေနှင့်။ အိမ်မိုးပေါ်မှာရှိသောသူသည် အိမ်ထဲသို့ မဆင်းစေ နှင့်။ အိမ်ထဲကတစုံတခုကိုယူခြင်းငှါ မဝင်စေနှင့်။ လယ်၌ရှိသောသူ လည်း မိမိအဝတ်ကိုယူခြင်းငှါ နောက်သို့မပြန်စေနှင့်။ (မဿဲ-၂၄း၁၅-၁၈, မာကု-၁၃း၁၄-၁၆, လုကာ-၁၇း၃၁,၂၁း၂၁) ထိုနေ့ရက် ၌ ကိုယ်ဝန်ဆောင်သော မိန်းမနှင့် နို့စို့သူငယ်ရှိသော မိန်းမတို့သည် အလွန်ခက်ကြ လိမ့်မည်။ သင်တို့ပြေးရသောအချိန်သည် ဆောင်းကာလ၌မကျ၊ ဥပုသ်နေ့၌လည်းမကျမည့်အကြောင်း ဆုတောင်းကြလော့။ (မဿဲ ၂၄း၁၉-၂၀, မာကု ၁၃း၁၇-၁၈, လုကာ ၂၁း၂၃) သူတို့သည် ထားဘေးဖြင့် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ အခြားသော ပြည်အရပ်ရပ်သို့ ဘမ်းသွားကြလိမ့်မည်။ တပါး အမျိုးသားတို့သည် မိမိတို့အချိန် ကာလ မပြည့်စုံမီတိုင်အောင် ယေရုရှလင်မြို့ကို ခြေနှင့်နင်းကြလိမ့်မည်။ (လုကာ ၂၁း၂၄).

## 13 ယာကုပ်၏ဒုက္ခကာလ (ယေရမိ ၃၀း၆-၇)

အကြောင်းမူကား၊ ဘုရားသခင်ဖန်ဆင်းတော်မူသောကမ္ဘာဦးမှ စ၍ယခုတိုင်အောင် မဖြစ်စဖူး၊ နောက်၌လည်း မဖြစ်လတံ့သော ကြီးစွာသောဒုက္ခနှင့် ကြီးစွာသောပူဆွေးသောကသည် ထိုနေ့ရက် ကာလ၌ဖြစ်လိမ့်မည်။ တိုင်းပြည်နှင့်လူမျိုးအပေါ်၌အမျက်ဒေါသ သင့်ရောက်လိမ့်မည်။ ထိုကာလကို ဘုရားသခင်သည် တာရှည်စေလျှင် အဘယ်သူမျှမလွတ်နိုင်ရာ။ ရွေးချယ်တော်မူသော သူတို့အဘို့အလိုငှါ ထိုကာလသည် တိုလိမ့်မည်။ (မဿဲ-၂၄း၂၁-၂၂, မာကု-၁၃း၁၉-၂၀, လုကာ-၂၁း၂၃) အကြောင်းမူကား၊ ထိုနေ့ရက်ကာလ သည် ကျမ်းစာချက်များ ပြည့်စုံ ရသောဒဏ်စီရင်ခြင်းနေ့ရက်ကာလဖြစ်သတည်း။ (လုကာ ၂၁း၂၂).

## 14 ခရစ်တော်အတုများနှင့် မိစ္ဆာပရောဖက်များ

ထိုအခါ သူတပါးက၊ ဤအရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ခရစ်တော်ရှိသည်ဟုဆိုသော်လည်း မယုံကြနှင့်။ အကြောင်းမူကား၊ ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ် သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှု တို့ကိုပြုကြလိမ့်မည်။ သင်တို့သည် သတိပြုကြလော့။ ထိုအကြောင်းအရာရှိသမျှကို ငါပြောနှင့်ပြီ (မဿဲ ၂၄း၂၃-၂၄, မာကု ၁၃း၂၁-၂၃). ထို့ကြောင့် သူတို့က ခရစ်တော်သည် တော၌ရှိသည်ဟုဆိုသော်လည်း မထွက်မသွားကြ နှင့်၊ တိုက်ခန်း၌ရှိသည်ဆိုသော်လည်း မယုံကြနှင့်၊ ကောင်းကင်တဘက်မှပြက်သော လျှပ်စစ်သည် အရှေ့မှပြက် ၍ အနောက်တိုင်အောင် ကောင်းကင်အနှံ့အပြားထွန်းလင်းသကဲ့သို့၊ လူသားသည် ကြွလာတော်မူလတံ့ (မဿဲ ၂၄း၂၆-၂၇, လုကာ ၁၇း၂၃-၂၄).

## 15 ကောင်းကင်၌နိမိတ်လက္ခဏာများ

ထိုကာလ၏ ဒုက္ခဆင်းရဲခြင်းနောက် ပုပ္ပနိမိတ်ထင်ရှားလိမ့်မည်။ ရုတ်ကနဲနေသည် မိုက်လိမ့်မည်။ လသည် အရောင်ကို မပေး၊ ကြယ်တို့သည် ကောင်းကင်မှကျကြလိမ့်မည်။ ကောင်းကင်တန် ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည် (မဿဲ ၂၄း၂၉, မာကု ၁၃း၂၄-၂၅, လုကာ ၂၁း၂၅). မြေကြီးပေါ်မှာလည်း လူအမျိုးမျိုး မငြိမ်မသက် စိုးရိမ်ကြောင့် ကြခြင်း၊ သမုဒ္ဒရာလှိုင်းတံပိုးကြီးခြင်း၊ မြေကြီးပေါ်မှာ ဖြစ်လတံ့သောဘေးများကို မြော်၍ ကြောက်လန့်သဖြင့်၊ လူများတို့၏





အသက်ဆုံးခြင်းအမှုအရာတို့သည် ဖြစ်ကြလိမ့်မည် (လုကာ ၂၁း၂၅-၂၆).

16 ထိုအခါ **လူသား၏နိမိတ်လက္ခဏာ** သည် ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာ လူအပေါင်းတို့သည့် ငိုကြွေးမြည်တမ်းကြ၍ လူသားသည်ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုဃ်းတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်။ လူသားသည် မိမိတမန်တို့ကို စေလွှတ်၍ တံပိုးခရာကို ပြင်းစွာမှုတ်စေ တော်မူသဖြင့် သူတို့သည် ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာ ကောင်းကင်အောက် ထက်ဝန်းကျင် တို့မှခေါ်၍ စုရုံးစေတော်မူလတ္တံ့ (မဿဲ ၂၄း၃၀-၃၁, မာကု ၁၃း၂၆-၂၇, လုကာ ၂၁း၂၇).

17 ထိုအမှုအရာတို့သည်ဖြစ်စရှိသောအခါ သင်တို့ကိုရွေးနှုတ်သောအချိန်ကာလ ရောက်လုနီးသည်ကို ထောက်သဖြင့် မြော်ကြည့်၍ ခေါင်းကိုကြွကြလော့ဟု မိန့်တော်မူ၏ (လုကာ ၂၁း၂၈).

18 **တဖန်ထပ်၍မိန့်တော်မူသောဥပမာကား၊ သင်္ဘောသဖန်းပင်မှစ၍ သစ်ပင်များတို့ကိုမှတ်ကြလော့။ သင်္ဘောသဖန်းပင်သည် အခက်အလက်နု၍ အရွက်ပေါက်သောအခါ နွေကာလနီးသည်ကို သင်တို့သည် အလိုအလျောက်သိ မြင်ကြ၏။ ထိုနည်းတူ ထိုအကြောင်းအရာများဖြစ်သည်ကိုမြင်ရလျှင်၊ ဘုရားသခင်၏နိုင်ငံတော် တည်လုနီး၍ လူသားသည် တံခါးဝတိုင်အောင် အနီးသို့ ရောက်တော်မူသည်ကို သိမှတ်ကြလော့ (မဿဲ ၂၄း၃၂-၃၃, မာကု ၁၃း၂၈-၂၉, လုကာ ၂၁း၂၉-၃၁)။ ထိုအချိန်နာရီကိုကား ခမည်းတော်မှတပါး အဘယ်သူမျှမသိ။ ကောင်းကင် တမန်များမသိ။ သားတော်လည်းမသိ (မဿဲ ၂၄း၃၆, မာကု ၁၃း၃၂).**

19 လူသားသည်ကြွလာသောအခါ **နောဧလက်ထက်၌** ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။ ရေလွှမ်းမိုးခြင်းမဖြစ်မီကာလ၌ နောဧ သည် သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင် လူများတို့သည် စားသောက်လျက်၊ ထိမ်းမြားစုံဘက်လျက်နေ၍၊ ရေလွှမ်းမိုးခြင်း ရောက်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ၊ လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်။ (မဿဲ ၂၄း၃၇-၃၉, လုကာ ၁၇း၂၆-၂၇).

အိန်ဂျယ်ရုပ်မြင်သံကြားကိုကြည့်ရှုပါ။
www.angeltv.org

20 ထိုနည်းတူ လောတလက်ထက်၌ လူများတို့သည် စားသောက်ရောင်းဝယ်လျက်၊ စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက် နေသကဲ့သို့ငှင်း၊လောတသည် သောဒုံမြို့မှ ထွက်သောနေ့၌ကောင်းကင်မှ ကန့်နှင့်ရောသော မီးမိုဃ်းရွာ၍ ထိုသူအပေါင်းတို့ကို သုတ်သင်ပယ်ရှင်း သကဲ့သို့ငှင်း၊ လူသားပေါ်ထွန်းသောနေ့၌ ဖြစ်လိမ့်မည်။ (လုကာ ၁၇း၂၈-၃၀).

21 လောတ၏မယားကိုအောက်မေ့ကြလော့။ အကြင်သူသည် မိမိအသက်ကိုကယ်ဆယ်ခြင်းငှါရှာကြံ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကိုကယ်ဆယ်လိမ့်မည် (လုကာ ၁၇း၃၂-၃၃).

22 ငါဆိုသည်ကား၊ ထိုနေ့ညဉ့်တွင် အိပ်ရာတခု၌ရှိသောသူနှစ်ယောက်တို့တွင် တယောက်ကိုသိမ်းယူ၍ တယောက်မူကား နေရစ်ရလတ္တံ့။ ကြိတ်ဆုံကြိတ်သောသူ နှစ်ယောက်တို့တွင် တယောက်ကိုသိမ်းယူ၍ တယောက်မူကား နေရစ်ရလတံ့။ လယ်၌ရှိသောသူနှစ်ယောက်တို့တွင် တယောက် ကိုသိမ်းယူ၍ တယောက်မူကားနေရစ်ရလတ္တံ့ဟု မိန့်တော်မူလျှင် (မဿဲ ၂၄း၄၀-၄၁, လုကာ ၁၇း၃၄-၃၆) သခင်၊ အဘယ်အရပ်၌ ထိုသို့ဖြစ်ပါမည်နည်းဟု မေးလျှောက်ကြသော်၊ အသေကောင်ရှိရာ အရပ်၌ ရွှေလင်းတတို့ သည်စုဝေးကြလတံ့ဟုမိန့်တော်မူ၏။(မဿဲ-၂၄း၂၈,လုကာ ၁၇း၃၇).

23 **ဆုတောင်းလျက် သတိနှင့်စောင့်နေကြလော့** လူတဦးသည် အခြားသောပြည်သို့ သွားမည်အကြံရှိသည်နှင့် မိမိအိမ်ကို ငယ်သားတို့လက်သို့အပ်၍၊ သူတို့ဆောင်ရွက်စရာအမှု ကိုအသီးသီးခွဲခန့်စီမံ၍၊ တံခါးမှူးကို စောင့်နေစေဟု မှာထားပြီးမှ သွားသည်ဖြစ်၍၊ အိမ်ရှင်သည် ညဦးအချိန်၊ သန်းခေါင်အချိန်၊ ကြက်ဦးတွန်ချိန်၊ နံနက်အချိန်တို့တွင် အဘယ်အချိန်၌ လာမည်ကို သင်တို့မသိသောကြောင့် စောင့်နေ ကြလော့။ သို့မဟုတ် အမှတ်တမဲ့ လာ၍ သင်တို့အိပ်ပျော်သည်ကို တွေ့လိမ့်မည်။ (မာကု၁၃း၃၄-၃၆).

24 သူခိုးလာမည်အချိန်နာရီကို အိမ်ရှင်သိရလျှင်၊ မိမိအိမ်ကို မထွင်းမဖေါက်စေခြင်းငှါ စောင့်နေလိမ့်မည်ကို သင်တို့ သိကြ၏။ ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့မထင်မမှတ်သောအချိန် နာရီ၌ လူသားသည်ကြွလာလိမ့်မည် (မဿဲ ၂၄း၄၃-၄၄).

Local Contact Address

25 သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့။ သို့မဟုတ် အစားအသောက်လွန်ကျူးခြင်း၊ လောကီစိုးရိမ်ခြင်းအား ဖြင့် စိတ်နှလုံးပင်ပန်းလျက်နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့ သင်တို့နှင့်တွေ့ကြုံလိမ့်မည်။ ထိုအချိန်ကာလ သည် အဘယ်အခါ၌ ရောက်မည်ကို သင်တို့မသိသောကြောင့်သတိ ပြု၍ဆုတောင်းလျက် စောင့်နေကြလော့။ ထို နေ့ရက်သည် ပိုက်ကွန်ကဲ့သို့ မြေတပြင်လုံး၌နေသောသူအပေါင်းတို့ကို အုပ်မိလိမ့်မည် (မာကု ၁၃း၃၃, လုကာ ၂၁း၃၄-၃၅).

26 ငါသည် သင်တို့အားမိန့်တော်မူသည်ကား၊ သင်တို့သည် ဖြစ်လတံ့သောအမှုအရာတို့နှင့်ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကို ခံထိုက်သောသူဖြစ်သည်ဟု မှတ်တော်မူမည် အကြောင်း၊ အစဉ်ဆုတောင်းလျက်စောင့်နေကြ လော့ဟု မိန့်တော်မူ၏ (လုကာ ၂၁း၃၆).

27 ငါအမှန်ဆိုသည်ကား၊ ယခုဖြစ်သောလူများမကုန်မီ ထိုအကြောင်းအရာအလုံးစုံတို့သည် ဖြစ်ကြလိမ့်မည်။ ကောင်း ကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည် (မဿဲ ၂၄း၃၄-၃၅, မာကု ၁၃း၃၀-၃၁, လုကာ ၂၁း၃၂-၃၃).

**မကြာမီကောင်းကင်နိုင်ငံတည်လုနီးပြီဖြစ်သည်။နောင်တရပြီး၍ဧဝံဂေလိတရားကို ယုံကြည်ရမည်။ ကြီးမြတ်တော်မူသောဘုရင်မင်းမြတ်သည်သူ၏ဘုန်းတန်ခိုးတော်နှင့်ပလ္လင်တော်ပေါ်မှာထိုင်နေတော်မူသည်။**

**ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ (ဗျာ ၁၄း၇)**

**ရှေ့လျှောက်အချိန်ကြန့်ကြာခြင်းရှိမှာမဟုတ်!**

**သခင်ယေရှုခရစ်တော်သည်ကြီးမားသောတန်ခိုးတော်၊ဘုန်းတော်၊သန့်ရှင်းသူများနှင့် သန့်ရှင်းသောကောင်းကင်တမန်များခြံရံလျှက်အလွန်လျင်မြန်စွာပြန်လည်တဖန်ကြွလာတော်မူလိမ့်မည်။**

**သင်ရဲ့ အရှင်သခင် ဘုရားသခင်ကို တွေ့ဆုံရန် ပြင်ဆင်ကြပါ !**



# ဘုရားသခင် နိုင်ငံတော်၏ ဧဝံဂေလိတရား

မြန်မာ | MYANMAR